ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဘော်ဂလွတ်ကျေးရွာ၊ ဘော်ဂလွတ်ကျေးရွာအုပ်စု

၂၀၁၈ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ ကျောက်တန်းမြို့နယ် မြေပုံ-------------------------------------------------------------------------------------------------၂

၂။ ဘော်ဂလွတ်ကျေးရွာအုပ်စုမြေပုံ -----------------------------------------------------------------------------------------------၃

၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ----------------------------------------------------၄

၄။ ကျေးရွာအခြေခံအချက်အလက်များ -----------------------------------------------------------------------------------------၅

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် ( PRA/ PSA ) အကျဉ်းချုပ် ----------------------၆

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီစဉ်အတွက် အသုံးပြုခဲ့သော PRA tool များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ---------၇ မှ ၁၄

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့် စစ်ဆေးရမည့်အချက်များ ------------------------------------------၁၅

၈။ ကျေးရွာမိတ်ဆက်အစည်းအဝေးတွင် အမျိုးသမီးကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့် အချက်များ -၁၆ မှ ၁၇

၉။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ --------- ၁၈ မှ ၂၀

၁၀။ကျေးရွာကော်မတီစာရင်း --------------------------------------------------------------------------------------------၂၁

၁၁။ ပုံစံ - စ -၁၊ ကျေးရွာအချက်အလက်များ ----------------------------------------------------------------၂၂ မှ ၂၄


၁၂။ ပုံစံ - ၃၊ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် -------------------------------------------------------၂၅ မှ ၂၆

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် --------------------------------------၂၇ မှ ၂၈


၁၄။ အစည်းအဝေးမှတ်တမ်းများ -------------------------------------------------------------------------၂၉ မှ ၃၂

၁၅။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေးထိန်းချုပ်မှု ( Checklist ) ------------------------------------------၃၃

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
တံတားမြို့
ရန်ကုန်မြစ်
စစ်တောင်းမြစ်
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ဘော်ဂလွတ်ကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာစာရင်းများ

၁။ ဘော်ဂလွတ်ကျေးရွာ

၂။ ခမယ်ကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ဘော်ဂလွတ်ကျေးရွာကိုလွန်ခဲ့သော ၁၂၄၀ခုနှစ်မတိုင်မီကမွန်လူမျိုးများစတင်တည်ထောင်ခဲ့ပြီး အဲဒီအချိန်တုန်း ကဘိုကလုတ်ရွာဟုမွန်ဘာသာအရခေါ်ဆိုခြင်းဖြစ်ပါသည်။ အခြားအမည်ဖြင့်တစွေဘိုရွာ ဟုလည်းခေါ်ပါသည်။ (၁၂၄၀)ပြည့်နှစ်တွင်မင်း(၉)မင်း၏ ဆရာဦးဉာဏဝံသသည် ဘုန်းကြီးကျောင်းတည်ဆောက်ပြီး ရွာတွင်သီတင်းသုံး နေထိုင်ခဲ့ပါသည်။ ဆရာတော်ဦးဉာဏဝံသသည် ဘိုကလုတ်ရွာကို မျက်နာဖြူများလက်ထက်မှ လွတ်ပြီးကျွတ်ပြီး လွတ်ငြိမ်းသည်ဟု အတိတ်နိမိတ်ကောက်ယူကာ ဘော်ဂလွတ်ရွာဟု ယခုတိုင်ခေါ်ဆိုနေခြင်းဖြစ်သည်။ ဘော်ဂလွတ်ရွာသည် ကျောက်တန်းမြို့၏ အနောက်တောင်ဘက်(၃)မိုင်ခန့် အကွာဝေးတွင်တည်ရှိသည်။ ရွာ၏အကျယ် ဝန်းမှာ ဧရိယာစတုရန်းမိုင်ပေါင်း (၂၅၃၅.၇၆)ဧက ကျယ်ဝန်း၍ စတုရန်းမိုင်ပေါင်း ၄.၅၃မိုင်ရှိပါသည်။ ဘော်ဂလွတ် ကျေးရွာတွင်ဗမာလူမျိုးများနှင့် ဟိန္ဒူလူမျိုးအနည်းစု နေထိုင်ကြပါသည်။ ကျေးရွာတွင်စိုက်ပျိုးရေးနှင့်မွေးမြူရေးအ နည်းငယ်လုပ်ကိုင်ကြပါသည်။ အဓိကလုပ်ငန်းမှာ စပါးစိုက်ပျိုးခြင်းဖြစ်သည်။ ကျေးရွာ၏အရှေ့ဘက်တွင်ပန်းတော စံပြကျေးရွာ၊ အနောက်ဘက်တွင် ချောင်းဝကျေးရွာ၊ တောင်ဘက်တွင် မီးပြစံပြကျေးရွာ၊ မြောက်ဘက်တွင် သနပ်ပင်ချင်းကျေးရွာတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။ ဘော်ဂလွတ်ရွာသည် ကျောက်တန်းမြို့သို့ ဆိုင်ကယ်၊ ကားဖြင့်သွားလာကြပါသည်။ ဘော်ဂလွတ်ရွာတွင် အိမ်ခြေ(၃၁၀)၊ အိမ်ထောင်စု(၃၃၀)၊ နှင့်လူဦးရေ (၁၄၁၄) တို့နေထိုင်ကြပါသည်။

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၃၀ | ၉၀ | ၇၁ | ၁၆၁ |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၈၀ | ၃၆ | ၄၄ | ၈၀ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၇ | ၄ | ၃ | ၇ |

### ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ဆန်စက် | |
| | ဘဲ | ကယ်ရီဆွဲ | |
| | ကျွဲ | | |
| | နွား | | |

### ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၅၃၅ | - | - | - | ၆ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၄ | - | ၁ | ၅ | ၁၀၁ | ၈ |

### ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၅ | ၂၀ | - | ၅၀ | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |

| | | | | | |
|---|---|---|---|---|---|
| အရေအတွက် | ၂၀ | ၅၀ | ၆ | ၁၀၀ | ၅ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၅-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၈ | ၂၁ | ၈၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၅-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၆၈ | ၂၁ | ၈၉ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ဝမ်းစာဖူလုံမှု |
| ၃ | ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၁၅-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၆၈ | ၂၁ | ၈၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၅-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၄၈ | ၃၂ | ၈၀ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၅-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၄၈ | ၃၂ | ၈၀ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့်မရရှိသည့် အကြောင်းအရင်းများ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ချက် | ၁၆-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၄၈ | ၃၂ | ၈၀ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့်ရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်




### သုံးသပ်ချက်

ဘော်ဂလွတ်ကျေးရွာအုပ်စု၊ ဘော်ဂလွတ်ကျေးရွာသည် ကျေးရွာနစ်ရွာပါဝင်ပြီး ရွာ၏အနောက်ဘက်တွင် ချောင်းဝကျေးရွာ တောင်ဘက်တွင်မီးပြကျေးရွာတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။ ကျောက်တန်းမြို့နှင့်မိုင်(၄၀)မျှကွာဝေးပါသည်။ ကျေးရွာအနီးနားရွာ များသို့ကွန်ကရစ်လမ်းများဖြင့်ဆက်သွယ်ထားပြီးကျေးရွာတွင်းလမ်းများမှာလည်း ကိုယ်ထူကိုယ်ထကွန်ကရစ်လမ်း များဖြစ်သည်။

ကျေးရွာတွင်သောက်သုံးရေကန်ပေါင်း(၇)ကန်၊ ဘုန်းကြီးကျောင်း(၂)ကျောင်း၊ စေတီတစ်ဆူ၊ အုပ်ချုပ်ရေးမှုးရုံး၊ စာကြည့်တိုက်၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဆန်စက်၊ ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းနှင့်အရှေ့တောင်ဘက်တွင် သုသာန်တည်ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနှင့် ဟိန္ဒူလူမျိုးအနည်းစု နေထိုင်ကြပါသည်။ ကျေးရွာသူကျေးရွာသားအများစုသည် လယ်ယာလုပ်ငန်းဖြင့် အသက်မွေး

ဝမ်းကျောင်းပြုကြပြီး ကျေးရွာတွင် ဆန်စက်လုပ်ငန်းများလည်း လုပ်ကိုင်ဆောင်ရွက်ကြသည်။ ကျေးရွာပတ်လည်တွင် ချောင်းရှိပြီး မိုးရာသီတွင် ရေကြောင်းခရီးဖြင့်လည်း သွားလာကြပါသည်။

ကျေးရွာ၏ မြောက်ဘက်တွင် ချောင်းကူးတံတားတစ်စင်းရှိပြီးပျက်စီးကာ ကျောင်းသား/သူများသွားလာရေးခက်ခဲ လျှက်ရှိ ပါသည်။ ဘော်ဂလွတ်ကျေးရွာသည်ရေငံထွက်သဖြင့် စက်ရေတွင်းတူးဖော်ရန်ခက်ခဲနေပါသည်။ ကျေးရွာတွင်လျှပ် စစ်မီးလည်းရှိပါသည်။

## ၂။ ဥစ္စာခနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။

| အမျိုးအစား | သတ်မှတ်ချက်/ ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်(၂၀)ကေနှင့်အထက်၊ ထော်လဂျီ၊ လယ်ထွန်စက်၊ ကား၊ ဆန်စက်၊ တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်၊ ခြွေလှေ့စက် | ၉ | ၃% |
| အလယ်အလတ် | ပျဉ်ထောင်သွပ်မိုးအိမ်၊ လယ်(၂၀)ကေ အောက်၊ ဆိုင်ကယ်၊ TV၊ ဖုန်း၊ ရွှေနားပုံ | ၂၄၀ | ၇၃% |
| နွမ်းပါး | ဓနိမိုးထရံကာအိမ်၊ ကျဘမ်း၊ ဆိုင်ကယ်၊ ကြက်/ဘဲ မွေးမြူရေး | ၈၁ | ၂၄% |
| စုစုပေါင်း | | ၃၃၀ | ၁၀၀% |

### သုံးသပ်ချက်

ဘော်ဂလွတ်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသောအိမ်ထောင်စုများမှာ လယ်ယာမြေပိုင်ဆိုင်မှုအားဖြင့်ကေ(၂၀)နှင့်အထက်ပိုင်ဆိုင်ကြပြီး၊ ကွန်ဒေါင်း (လယ်ထွန်စက်)၊ ကား၊ ဆန်စက်၊ ဆိုင်ကယ်၊ ခြွေလှေ့စက်များပိုင်ဆိုင်ကြပြီး တိုက်အိမ်များပျဉ်ထောင်သွပ်မိုးအိမ် များဖြင့်နေထိုင်ကြပါသည်။ အလယ်လတ်အမ်ထောင်စုများမှာ လယ်ကေ(၂၀)အောက်ပိုင်ဆိုင်ကြပြီး ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း၊ ရွှေနားပုံစက်များပိုင်ဆိုင်ကြသည်။ ထို့ပြင်ပျဉ်ထောင်သွပ်မိုးအိမ်များဖြင့်နေထိုင်ကြသည်။ နွမ်းပါးသော

အိမ်ထောင်စုများမှာ ဓနိမိုး၊ ထရံကာအိမ်များဖြင့်နေထိုင်ပြီး လက်လုပ်လက်စားနေ့စားသသမားများဖြစ်ကာဆိုင်ကယ်၊ ကြက်၊ ဘဲများပိုင်ဆိုင်ကြပါသည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




### သုံးသပ်ချက်

**ရာသီဥတု** -တန်ခူး၊ ကဆုန်၊ တန်ဆောင်မုန်း၊ နတ်တော်၊ပြာသိုလ်၊ တပို့တွဲ၊ တပေါင်းနှင့် တန်ခူးလများတွင် နေပူပြီး နယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်းလများတွင်မိုးရွာကာ ကဆုန်လနှင့် သီတင်းကျွတ်လများတွင်နေပူမိုးရွာခြင်းများဖြစ်လေ့ရှိပါသည်။

**သောက်သုံးရေ** -သောက်သုံးရေမှာမိုးတွင်းကာလဖြစ်သောနယုန်၊ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင်ရေဖူလုံမှုရှိပြီး တပို့တွဲ၊ တပေါင်း၊ တန်ခူးနှင့်ကဆုန်လများတွင်ရေများခမ်းခြောက်ကာရေပြတ်လပ်မှုရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး** -လမ်းပန်းဆက်သွယ်ရေးတွင်လည်း နွေရာသီနှင့် ဆောင်းဉတုများတွင်သာ ကောင်းမွန်ပြီး မိုးဦးကျနှင့် မိုးတွင်းကာလများတွင် သွားလာရေးခက်ခဲလေ့ရှိပါသည်။

**ဝင်ငွေ** - ကျေးရွာသူ/သားများ၏ဝင်ငွေမှာသီးနှံပေါ်ချိန်ဖြစ်သောသီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲ၊ တပေါင်းလများတွင်ပေါများပြီးကျန်လများတွင် ဝင်ငွေမရှိပါ။

**ကျန်းမာရေး** -ရာသီဉတုပြောင်းလဲမှုကြောင့်ကဆုန်လတွင် နာစေးခြင်း၊ ဝါဆိုဝါခေါင်လများတွင်တုပ်ကွေး ဖြစ်ခြင်း နှင့် ကျန်လများတွင် အများအားဖြင့်နေကောင်းကြပါသည်။ကြပါသည်။

**စိုက်ပျိုးရေး** -ကျေးရွာသူ/သားများသည် ဆန်စပါးစိုက်ပျိုးရေးကိုအဓိကထားလုပ်ကိုင်ကြပြီးကဆုန်၊ နယုန်၊ လများတွင်လယ်ထွန်၊ ပျိုးကြဲများပြုလုပ်ကာ ဝါခေါင်လများတွင်ကောက်စိုက်၍ တန်ဆောင်မုန်းလ တွင်စပါးရိတ်ခြင်းတို့ကြောင့် လုပ်ငန်းများမအားလပ်ကြပါ။

**မွေးမြူရေး** -မိသားစုတပိုင်တနိုင်ဝင်ငွေရရှိရန်အတွက် ကြက်၊ဝက်၊ဆိတ်၊ဘဲ တို့ကိုတနစ်ပတ်လုံးမွေးမြူကြ ပါသည်။

**အလုပ်အကိုင်** - ကျေးရွာတွင် တောင်သူလုပ်သားများ အများစုနေထိုင်ကြပြီး လူနည်းစုမှာ နေ့စားလုပ်ငန်းများ လုပ်ကိုင်ကြသည်။

**ပွဲတော်များ** -ပွဲတော်များမှာတန်ကူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲတော်၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင်ကထိန်ပွဲနှင့်တပေါင်းလတွင်ရွာဘုရားပွဲများကျင်းပကာစီကား လျက်ရှိပါသည်။


## ၄။ ဗင်းပုံစံသုံးသပ်ချက်




## သုံးသပ်ချက်

ကျေးရွာတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် သာရေးနာရေးကိစ္စ အဝဝတွင် ဦးဆောင်၍ ဆောင်ရွက်လျှက်ရှိပါသည်။ နာယကအဖွဲ့၊ ဂေါပကအဖွဲ့၊ လူမှုရေးကူညီမှုအဖွဲ့နှင့် အစိတ္တကံအဖွဲ့များသည် ကျေးရွာအတွင်း ဘာသာရေးကိစ္စများနှင့် သာရေးနာရေးကိစ္စများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။ ဓမ္မစကူးအဖွဲ့သည် ကျေးရွာရွာအတွင်းရှိ ကလေးသူငယ်များ လိမ္မာရေးခြားရှိစေရန်နှင့် ဘာသာတရားလေးစားမှုရှိ စေရန်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာအတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်လျှက် ရှိပါသည်။ မြစိမ်းရောင်အဖွဲ့၊ Pact Myanmarနှင့် BG ဖွဲ့များသည်ကျေးရွာအတွင်းတွင် အသေးစား ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိပြီး မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ Pact Myanmarနှင့် BG ဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်လျှက် ရှိပါသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် မြို့နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ဘဏ်၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဌာနနှင့် မြို့နယ်ရဲစခန်းတို့နှင့် ချိတ်ဆက်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများအား ဆောင်ရွက် လျှက်ရှိပါသည်။ ပညာရေးနှင့်ပတ်သက်၍ ကျောင်းကော်မတီသည် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ကာ ကျေးရွာအတွင်းရှိကလေးသူငယ်များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျှက်ရှိပါသည်။

**၅။ ပင့်ကူအိမ်သုံးသပ်ချက်**




**သုံးသပ်ချက်**

**ဘာသာရေးလုပ်ငန်းများတွင်ပါဝင်ခွင့်**

အမျိုးသားနှင့် အမျိုးသမီး ဘာသာရေးလုပ်ငန်းများတွင ပါဝင်ခွင့်မှ ၁ကွာခြားမှု အနည်းငယ်သာ ကွာခြားနေပါသည်။ ကျေးရွာ၏ ဘာသာရေးပွဲတော်များတွင် အမျိုးသားနည်းတူ အမျိုးသမီးများလည်း တတ်ကြွစွာ ပါဝင်ဆောင်ရွက်လျှက်ရှိပါသည်။

**ဝင်ငွေရရှိမှု**

ဝင်ငွေရရှိမှုတွင် အမျိုးသားများမှာ သာနေကြောင်းတွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် အမျိုးသားများမှာ မိသားစုအတွက် ဦးဆောင်ပြီး ပိုက်ဆံရှာသူများဟု အားလုံးကသတ်မှတ်ကြပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်လျှက်ရှိပါသည်။

**ပညာသင်ကြားခွင့်**

ကျေးရွာတွင် အစိုးရစာသင်ကျောင်းများရှိပြီး အလွယ်တကူပညာသင်ကြားခွင့်ရရှိနေသာကြောင့် အမျိုးသား/ အမျိုးသမီးများသည် ပညာရေးတွင် တန်းတူညီမျှ အခွင့်အရေးရရှိကြပါသည်။

**အလုပ်ကိုင်အခွင့်လမ်း**

ကျေးရွာအတွင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် အလုပ်အကိုင် အခွင့် အလမ်း မှာခြားနားမှုရှိပါသည်။ ကျေးရွာတွင် လုပ်ကိုင်ရသော လုပ်ငန်းအများစုမှာ အမျိုးသားများသာ လုပ်နိုင်သော အလုပ်များဖြစ်ခြင်း၊ အမျိုးသမီးလုပ်နိုင်သော အလုပ်အကိုင်နည်းပါးခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုတွင် အမျိုးသားအများသည် အမျိုးသမီးများထက်သာလွန်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု**

ယခုလက်ရှိအခြေအနေများအရ အမျိုးသားများသည် စီးပွားရှာခြင်း၊ ရပ်ရေးရွာရေးများတွင်ပါဝင်ဆောင်ရွက်ခြင်း စသည်တို့ကြောင့် အိမ်မှုကိစ္စဆောင်ရွက်မှုအပိုင်းတွင် အချိန် မပေးနိုင်ပါ။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ အချိန်ပေးလုပ်ရသောကြောင့် ကျေးရွာ၏ လူမှုရေးကိစ္စရပ်များတွင် ပါဝင်နိုင်မှု နည်းပါးပါသည်။

**လူမှုရေးလုပ်ငန်းများတွင်ပါဝင်ခွင့်**


အမျိုးသမီးများသည် အိမ်မှုကိစ္စများဖြင့်သာ အချိန်ကုန် နေကြသဖြင့် ကျေးရွာအတွင်း လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်မှုနည်းပါးခြင်း နှင့် ရှေးရိုးစွဲအစဉ်အလာများ ကြောင့် လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှုနည်းပါးပါသည်။

**ကျေးရွာတွင်အဖွဲ့အစည်းများတွင်ဦးဆောင်နိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်**

အမျိုးသမီးများသည် အမျိုးသားများထက် အဖွဲ့အစည်းများတွင် ဦးဆောင်နိုင်ခွင့်နှင့် ဆုံးဖြတ်ချက်များ ချမှတ်ပိုင်ခွင့်နည်းပါးပါသည်။ အမျိုးသမီး မိမိကိုယ့်ကို ယုံကြည်မှုအားနည်းခြင်း၊ ဆုံးဖြတ်ချက်ချရန် အခွင့်အရေး မရှိခြင်းနှင့် ဓလေ့ထုံးစံအရ အမျိုးသားများကသာ ဦးဆောင်နိုင်မည်ဟု ယုံကြည်ခြင်းကြောင့် ဦးဆောင်နိုင်မှုနှင့် ဆုံးဖြတ်ပိုင်ခွင့် အားနည်းရခြင်းဖြစ်ပါသည်။

**၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း**





**သုံးသပ်ချက်**

**ထိန်းချုပ်မှု**

ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဆန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ ဆံသဆိုင်၊ ကား၊ ထွန်စက်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ရုံးခန်း၊ သောက်သုံးရေကန်၊ ဆေးခန်း၊ ချောင်းနှင့် လမ်းတို့ကို ကျေးရွာရှိ အမျိုးသားများကသာ အဓိကတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်လျှက်ရှိပါသည်။ အိမ်တွင်းစီးပွားရေးဖြစ်သော ကုန်စုံဆိုင်ကဲ့သို့သော အရင်းမြစ်ပေါ်တွင်သာ ထိန်းချုပ်လေ့ရှိသည်။ ထို့ပြင် ကျေးရွာတွင်ရှိသော စေတီ၊ တံတား၊ သုသာန်နှင့် အိမ်တွင်ရှိသော လယ်ယာမြေ၊ အိမ်၊ ဖုန်း၊ တီဗွီ၊ အပ်ချုပ်စက်နှင့် ဆိုင်ကယ်ကဲ့သို့သော အရင်းမြစ်များကို အမျိုးသား၊ အမျိုးသမီးနှစ်ဦးလုံးကထိန်းချုပ်ကြပါသည်။ ပိုင်ဆိုင်မှု၏ အများစုကိုအမျိုးသားများမှာ ထိန်းချုပ်ထား ပြီးအနည်းစုကိုသာ အမျိုးသမီးများမှ ထိန်းချုပ်ခွင့် ရကြသည်ကိုလည်း တွေ့ကြရသည်။

**အသုံးပြုမှု**

ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ ဆံသဆိုင်၊ ကား၊ ထွန်စက်၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ရုံးခန်းတို့ကိုအမျိုးသားများကအများဆုံးအသုံးပြု ကြပြီး၊ အမျိုးသမီးများက ဈေးဆိုင်ကိုသာ အသုံးပြုကြသည်။ အပ်ချုပ်စက်၊ စေတီ၊ ဆိုင်ကယ်၊ အိမ်၊ ဖုန်း၊ တီဗွီ၊ တံတား၊ လယ်ယာမြေ၊ သချိုင်း၊ ဆေးခန်း၊ သောက်ရေကန်၊ ချောင်း၊ ဘုန်းကြီးကျောင်း လမ်း၊ စာသင်ကျောင်း နှင့်ဆန်စက် တို့ကိုအမျိုးသား အမျိုးသမီးတန်းတူအသုံးပြုကြပါသည်။

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အား ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြော ကြား မှုများ ပြုလုပ်ခဲ့ပါသည်။ အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက်ကော်မတီများထဲတွင် အမျိုးသမီးများ အချိုးညီစွာပါဝင်နိုင်ပြီး အားလုံးတက်ညီ လက်ညီပါ ဝင်လာနိုင်ရန်လည်းစည်းရုံးလှုံ့ဆော်ခဲ့ပါသည်။ ထို့နောက်အမျိုးသမီးများ၏အခက်အခဲ၊ မျှော်မှန်း ချက်များကို လည်း အမျိုးသမီးသီးသန့်အဖွဲ့လိုက်ခွဲ၍ ပြုလုပ်ခဲ့ကြသည်။ အမျိုးသမီးများ၏ လက်တွေ့ရင်ဆိုင် နေရသော အခက်အခဲများကိုလည်းလွတ်လပ်စွာပြောဆိုနိုင်ပြီနိုင်ကြောင်း နှင့်အမျိုးသားများကလည်းဝိုင်းဝန်း ကူညီပေး ကြပါရန်ကိုလည်းပြောကြားခဲ့သည်။

### ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ - ၁၇.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီး ပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုး သား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်း နိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံး ဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေး မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူ နည်း စု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါ သလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း မိတ်ဆက်အစည်းအဝေးပြုလုပ်သည့် မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ



လူထုဗဟိုပြုစီမံကိန်း စီမံကိန်းဒုတိယနှစ်စက်ဝန်း စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ



## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးအောင်နိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဇင်မာဦး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဝင်းနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်မာမာချို | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးအောင်သိန်းနိုင် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၆ | ဦးသန်းဝင်းအောင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဒေါ်မော်နီ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်တင်တင်ကြူ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးထွန်းထွန်းနိုင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်သိမ့်သိမ့်မူ | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးလှမိုး | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၂ | ဒေါ်မာလာမြိုင် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ဝင်းပပ | မ | ကျေးရွာငွေစာရင်းကိုင် |
| ၁၄ | ဦးတင်အောင်နိုင် | ကျား | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၅ | ဒေါ်ဝါဝါနိုင် | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၆ | ဒေါ်နွဲ့နွဲ့ရီ | မ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ |

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ ဦးအောင်နိုင် ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊

၂။ ဒေါ်ဇင်မာဦး စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ

၃။ ဒေါ်ခင်မာရီ အဖွဲ့ဝင်၊ ကျေးရွာအုပ်စု၊ စီမံကိန်းအထောက်အကူပြုကော်မတီ

**စုစုပေါင်း။ (၁၇) ယောက် ကျား-၈ ယောက် + မ-၉ ယောက်**

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မိုးဝါ

ရာထူး - လူထုစည်းရုံးရေးမှူး

နေ့စွဲ - ၁၇.၁၁.၂၀၁၇

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ |

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦးတင်စိုး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် [illegible] | လူထုစည်းရုံးရေးမှူး၏ အမည် [illegible] |
| ပြည်နယ်/တိုင်းဒေသကြီး ရန်ကုန် \| မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဟိန္ဒူ--- | ၃၀ | ဘာသာ (၁) ---ဟိန္ဒူ--- | ၃၀ |
| လူမျိုးစု (၂) ---ဗမာ--- | ၃၀၀ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၃၀၀ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၇၃၂ | ၆၈၁ |
| လူမျိုးစု (၁)---ဟိန္ဒူ | ၉၀ | ၇၁ |
| လူမျိုးစု (၂)---ဗမာ--- | ၆၄၂ | ၆၁၀ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၈၅ | ၇၅ |

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☑ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် အလယ်တန်းကျောင်းခွဲ | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | (ကွန်ကရစ်လမ်း) | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၄င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၄င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------[illegible]---------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -------မြစ်ငါးကျောင်း-------------
(၂) ---Pack Myanmar (micro Finance)

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးတင်ရွှေ

လက်မှတ်

လူထုစည်းရုံးရေးမှူး အမည် ဦးဇော်ကိုအောင်

လက်မှတ် နေ့စွဲ ၁၀.၁၀.၂၀၁၇

## ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဇော်ခင်ဝင်းဝါ |
| နေ့စွဲ – ၁၆.၁၁.၂၀၁၇ / စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ရခိုင် / မြို့နယ် ကျောက်ဖြူ ကျေးရွာအုပ်စု ကျောက်ဖြူ ကျေးရွာ ဆော်ဂလွတ် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျန်းမာရေး ခက်ခဲခြင်း | ၁ | ကျန်းမာရေး ခက်ခဲခြင်း |
| ၂ | မိုးရာသီတွင် သွားလာရန် ခက်ခဲခြင်း | ၂ | မိုးရာသီတွင် သွားလာရန် ခက်ခဲခြင်း |
| ၃ | ပညာရေး ခက်ခဲခြင်း | ၃ | ပညာရေး ခက်ခဲခြင်း |
| ၄ | အလုပ်အကိုင် ရှားပါးခြင်း | ၄ | အလုပ်အကိုင် ရှားပါးခြင်း |
| ၅ | သောက်သုံးရေ ခက်ခဲခြင်း | ၅ | သောက်သုံးရေ ခက်ခဲခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ပညာရေး ကောင်းမွန်စေရန် | ၁ | ပညာရေး ကောင်းမွန်စေရန် |
| ၂ | လမ်းပန်း ဆက်သွယ်ရေး | ၂ | လမ်းပန်း ဆက်သွယ်ရေး |
| ၃ | ကျန်းမာရေး စောင့်ရှောက်မှု | ၃ | ကျန်းမာရေး စောင့်ရှောက်မှု |
| ၄ | သောက်သုံးရေ ရရှိရန် | ၄ | သောက်သုံးရေ ရရှိရန် |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း | ၅ | အလုပ်အကိုင် အခွင့်အလမ်း |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကွန်ကရစ်လမ်း ပြုပြင်ရန် | က+မ | 12050000 | ၁၄၁၀ |
| ၂ | ရွာတွင်းလမ်းများ | က+မ | 30000000 | |
| ၃ | အရှေ့ဆိပ်ကမ်းလမ်း | က+မ | 8000000 | |
| ၄ | ဆည်ရေတွင်း | က+မ | 5000000 | |
| ၅ | မောင်ငယ် ရေကန် | က+မ | 3000000 | |

ဒေါ်စန်းဦး

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | အိမ်မွေး [illegible] | ကျား+မ | |
| ၂။ | အသေးစား ချေးငွေလုပ်ငန်း | ကျား+မ | |
| ၃။ | အသက်မွေးဝမ်းကျောင်း | ကျား+မ | |
| ၄။ | စက်ချုပ်သင်တန်း | မ | |
| ၅။ | စက်ပြင်သင်တန်း | ကျား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးအောင်နိုင် လက်မှတ် နေ့စွဲ ၁၆.၁၁.၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဥ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အခန်းဖြင့် သွင်းရန် မလိုအပ်ပါ။ [illegible]

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | အသက်မွေးဝမ်းကျောင်း သင်တန်း | ☑ မ<br>☑ ကျား | | |
| | ၃ | [illegible] | ☑ မ<br>☐ ကျား | | |
| | ၄ | [illegible] | ☐ မ<br>☑ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| [illegible] | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | | ☐ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

ပြုလုပ်သည့်နေရာ : သောက်ကလွတ်ကျေးရွာဘုန်းကြီးကျောင်း

ပြုလုပ်သည့်နေ့ရက် : ၁၆ . ၁၁ . ၂၀၁၇

ပြုလုပ်သည့်အချိန် : ၁၀ : ၀၀

ကျေးရွာအုပ်စုအမည် : သောက်ကလွတ်

မြို့နယ်အမည် : ကျောက်တန်း

---

အစည်းအဝေးတက်ရောက်သူ - (၇၃) ကျား + (၇၉) မ (၁၅၂) ယောက်

အကြောင်းအရာ : - သောက်ကလွတ်ကျေးရွာအုပ်စု
သောက်ကလွတ်ကျေးရွာ ဥက္ကဋ္ဌ
ကော်မီး : ဆောင်ရွက်မည့်စီမံကိန်း

မိတ်ဆက်အစည်းအဝေးတွင် သောက်ကလွတ်အုပ်စု အုပ်ချုပ်ရေးမှူးမှ စီမံကိန်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းပြပြီး စီမံကိန်းဆောင်ရွက်ရန်အတွက် ကျေးရွာလူထုစုပေါင်း ပါဝင်ဆောင်ရွက်မှုများ လိုအပ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးမှ လူထုဗဟိုပြုစီမံကိန်း၏ရည်ရွယ်ချက်မှာ ဆင်းရဲသော ဆင်းရဲသောလူထုကိုဗဟိုပြု၍ ကျေးရွာစီမံအုပ်ချုပ်ကာလအတွင်း အသင့်သော အခြေခံအဆောက်အဦးများပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ပေးမည့်စီမံကိန်းဖြစ်ကြောင်းနှင့် သဘောတရားအဆင့်ဆင့်နှင့်တွေ့ကြုံလာပါက သက်ဆိုင်ရာတာဝန်ရှိသူများကို လျှောက်ထားရမည့်အကြောင်းအရာများ ဆောင်ရွက်ရန်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ထို့နောက် စီမံကိန်း မိတ်ဆက် (၁၅)ချက်ကို ဆက်လက် ရှင်းပြပြီး မိမိကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာ လူထုများ ပူးပေါင်းပါဝင်မှုသာ ရှင်သန်နေသည့် ကျေးရွာ အတွင်း၌ အိမ်ထောင်စု(၅၀)% ထက်မှသာ ကျေးစည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။ ထို့ပြင် လက်တွေ့ဆောင်ရွက်မည့် ပညာရှင်များမှလည်း စီမံကိန်းတွင်ပါဝင်သော အပိုင်း(၅)ပိုင်း၊ အဆင့်(၁၄)ဆင့် ဖြင့်လုပ်ဆောင်ရမည့်အကြောင်း ရှင်းပြခဲ့ပါသည်။

ဥက္ကဋ္ဌသည် စီမံကိန်းအတွက် ကျေးရွာလူမှုအသင်းဖွဲ့စည်း ပြုလုပ်ရန်အတွက် လူထုစည်းရုံးရေးမှူး၏ အရင်းအမြစ်ပြ မြေပုံ၊ ရာသီခွင်ပြ ပြက္ခဒိန်၊ ဇယားပုံစံ၊ ပင်ကျ အိမ်ထောင်စုစစ်တမ်း၊ ပိုင်ဆိုင်မှုသုံးသပ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု အဆင့်ဆောက်မှတ် ချက်ပြုလုပ်ရခြင်းဖြင့် ရည်ရွယ်ချက်များကို ရှင်းပြပြီး အမျိုးသား အဖွဲ့ အမျိုးသမီး အဖွဲ့ခွဲ၍ လူမှုစာရင်းဇယားချက်များ ပြုလုပ် ပြီးသော အခါပြန်လည် အနှစ်ချုပ်ပေးခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ဥက္ကဋ္ဌ အကြိမ်ကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေးကို နေ့လည်ပိုင်းတွင် ဆက်လက်လုပ်ဆောင်ရန် သဘောတူဆုံးဖြတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်မိုးဝါ
လူထုစည်းရုံးရေးမှူး

လူထုဗဟိုပြုစီမံကိန်း
ကျောက်တန်းမြို့

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ဘော်ဂလွတ်ကျေးရွာဘုန်းတော်ကြီးကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ ၁၆.၁၁.၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁:၀၀ နာရီ |
| ကျေးရွာအုပ်စုအမည် | ။ ဘော်ဂလွတ် |
| မြို့နယ်အမည် | ။ ကျောက်တန်း |

---

အစည်းအဝေးတက်ရောက်သူ ။ ။ (၇၃)ကျား + မ(၇၉) ပေါင်း(၁၅၂)

အကြောင်းအရာ ။ ။ ဘော်ဂလွတ်ကျေးရွာအုပ်စု ဘော်ဂလွတ်ကျေးရွာ ဒုတိယနှစ်စက်ဝန်း ဒုတိယ အကြိမ် စီမံကိန်း မိတ်ဆက် အစည်းအဝေး ပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ။ ဘော်ဂလွတ်ကျေးရွာ၏ ဒုတိယ အကြိမ် စီမံကိန်း မိတ်ဆက်အစည်းအဝေး တွင် လူထုစည်းရုံးမှူးမှ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်အတွက် ယခင်နှစ်က လုပ်ဆောင်ခဲ့သော လုပ်ငန်းစဉ်များ အကြောင်းရှင်းပြပြီး ဒုတိယနှစ်စက်ဝန်းတွင်လည်း လုပ်ငန်းစဉ်သစ် များပြန်လည်ပြင်ဆင်လိုပါက မဲစနစ်ဖြင့် ပြန်လည်ရွေးချယ်နိုင် ကြောင်းကိုရှင်းပြခဲ့ပါသည်။ မဲစနစ်ဖြင့်ရွေးချယ်ရာ၌ မဲအများ ဆုံးရရှိပါကလည်း နည်းပညာအရ လုပ်ဆောင်ရမှာသာ လုပ်ဆောင်နိုင်ကြောင်း ကိုရှင်းပြခဲ့ပါသည်။

ကျေးရွာလူထုကပြန်လည်ပြင်ဆင်ရန် မလိုအပ်သော ကြောင့် ယခုနှစ်တွင် ဦးစားပေးလိုက် ရွေးချယ်ခဲ့သော ရွာတွင်းလမ်း ပြုပြင်ခြင်းကိုသာ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း

ဆွေးနွေးခဲ့ပါသည်။

ထို့နောက်လူထုစည်းဝေးမှုမှ ကော်မတီများ၏တာဝန်နှင့်ဝတ္တရားများကိုရှင်းပြပြီး ပထမနှစ်စက်ဝန်းတွင်ရွေးချယ်ခဲ့သော ကော်မတီများသည် ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်ပြီး ထမ်းဆောင်နိုင်ပါသလားဟု တစ်ဦးခြင်းမေးမြန်းသောအခါ ကျေးရွာစာရင်းကိုင်ဦးဇော်လင်းသည် ကော်မတီအဖွဲ့မှနုတ်ထွက်ခဲ့ပါသည်။ အစည်းအဝေးတက်ရောက်သော ကျေးရွာလူထုများက ကျေးရွာစာရင်းကိုင်ဦးဇော်လင်း၏နေရာတွင် ဒေါ်ခင်ပန်းကို အစားထိုးတင်သွင်းပြီး မဲစနစ်ဖြင့်ရွေးချယ်ခဲ့ပါသည်။ ကျေးရွာလူထုကလည်း သဘောတူညီကြောင်း ပြောဆိုဆွေးနွေးခဲ့ပါသည်။

ထို့နောက်လူထုစည်းဝေးမှုမှ လုပ်ငန်းစဉ်များကို ပြန်လည်အတည်ပြု၍ ဆွေးနွေးချက်ကို အနှစ်ချုပ်ပြီးကာ အစည်းအဝေးကိုရုပ်သိမ်းခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ယခုဦးစားပေးအလိုက် ရွေးချယ်ထားသော လုပ်ငန်းစဉ်များကို ကော်မတီများကဦးဆောင်၍ ကျေးရွာလူထုနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသဘောတူဆုံးဖြတ်ခဲ့ပါသည်။

မှတ်တမ်းတင်သူ
ဒေါ်ခင်ဦးဝါ
CF

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ - ၁၇.၁၁.၂၀၁၇ ကျေးရွာ-ဘော်ဂလွတ် VDP ရက်စွဲ - ၁၇.၁၁.၂၀၁၇
မြို့နယ်- ကျောက်တန်း ကျေးရွာအုပ်စု-ဘော်ဂလွတ်

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊